## (၇-၅-၂၀၂၁) မှ (၁၃-၅-၂၀၂၁) အထိ ရွှေနှင့်အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ လေ့လာသုံးသပ်တင်ပြခြင်း

၁။ ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် Covid-19 ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာ့ရွှေဈေးသည် ၂၀၂၁ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၉၄ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ မေလ ၁၃ ရက်နေ့တွင် ရွှေတစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၁၈၁၅ ဒေါ်လာ ဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။ ပြည်တွင်း ရွှေဈေးသည်လည်း မေလ ၆ ရက်နေ့တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၁၄၉၁၀၀၀ ကျပ် ပေါက်ဈေးရှိခဲ့ရာမှ မြန်မာ့နိုင်ငံရေး အခြေအနေများကြောင့် အတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိပြီး မေလ ၁၃ ရက်နေ့ မနက်ပိုင်းတွင် ၁၅၆၀၀၀၀ ကျပ် ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရှိရပါသည်။

၂။ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ မေလ ၁၃ ရက်နေ့အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး အခြေအနေတို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | ကျပ် | ဒေါ်လာ |
| ၁ | ၁.၄.၂၀၂၁ | ၁၃၉၅၀၀၀ | ၁၇၁၁ |
| ၂ | ၂.၄.၂၀၂၁ | ၁၃၉၃၀၀၀ | ၁၇၂၉ |
| ၃ | ၅.၄.၂၀၂၁ | ၁၃၉၅၀၀၀ | ၁၇၂၅ |
| ၄ | ၆.၄.၂၀၂၁ | ၁၃၉၂၀၀၀ | ၁၇၃၅ |
| ၅ | ၇.၄.၂၀၂၁ | ၁၃၉၉၀၀၀ | ၁၇၃၈ |
| ၆ | ၈.၄.၂၀၂၁ | ၁၄၂၀၀၀၀ | ၁၇၃၉ |
| ၇ | ၉.၄.၂၀၂၁ | ၁၄၃၀၀၀၀ | ၁၇၄၂ |
| ၈ | ၁၂.၄.၂၀၂၁ | ၁၄၂၈၀၀၀ | ၁၇၃၈ |
| ၉ | ၂၀.၄.၂၀၂၁ | ၁၄၄၅၀၀၀ | ၁၇၄၅ |
| ၁၀ | ၂၁.၄.၂၀၂၁ | ၁၄၅၀၀၀၀ | ၁၇၄၈ |
| ၁၁ | ၂၂.၄.၂၀၂၁ | ၁၄၆၂၀၀၀ | ၁၇၉၃ |
| ၁၂ | ၂၃.၄.၂၀၂၁ | ၁၄၆၁၀၀၀ | ၁၇၈၄ |
| ၁၃ | ၂၆.၄.၂၀၂၁ | ၁၄၆၀၀၀၀ | ၁၇၈၁ |
| ၁၄ | ၂၇.၄.၂၀၂၁ | ၁၄၄၆၀၀၀ | ၁၇၈၁ |
| ၁၅ | ၂၈.၄.၂၀၂၁ | ၁၄၃၀၀၀၀ | ၁၇၇၁ |
| ၁၆ | ၂၉.၄.၂၀၂၁ | ၁၄၅၂၀၀၀ | ၁၇၈၀ |
| ၁၇ | ၃.၅.၂၀၂၁ | ၁၄၅၇၀၀၀ | ၁၇၈၀ |
| ၁၈ | ၄.၅.၂၀၂၁ | ၁၄၇၀၀၀၀ | ၁၇၈၆ |
| ၁၉ | ၅.၅.၂၀၂၁ | ၁၄၇၂၀၀၀ | ၁၇၇၇ |
| ၂၀ | ၆.၅.၂၀၂၁ | ၁၄၉၁၀၀၀ | ၁၇၉၄ |
| ၂၁ | ၇.၅.၂၀၂၁ | ၁၅၀၄၀၀၀ | ၁၈၁၈ |
| ၂၂ | ၁၀.၅.၂၀၂၁ | ၁၆၀၃၀၀၀ | ၁၈၃၈ |
| ၂၃ | ၁၁.၅.၂၀၂၁ | ၁၆၄၂၀၀၀ | ၁၈၃၆ |
| ၂၄ | ၁၂.၅.၂၀၂၁ | ၁၇၀၉၀၀၀ | ၁၈၃၃ |
| ၂၅ | ၁၃.၅.၂၀၂၁ | ၁၅၆၀၀၀၀ | ၁၈၁၅ |

Source: estimate of world's exchange rate and gold price page

၃။ ပြည်တွင်းရွှေဈေးကွက်အနေဖြင့် ပြီးခဲ့သည့်သုံးလအတွင်း မြန်မာ့ရွှေဈေးနှုန်းကို ပြန်ကြည့်ပါက ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် အကယ်ဒမီ (မီးလင်းရွှေ) အဖွင့် တစ်ကျပ်သား ဈေးနှုန်းမှာ ကျပ် ၁၃၃၀၀၀၀ ရှိခဲ့ရာမှ မေလ ၁၂ ရက်နေ့တွင် ဈေးနှုန်းသည် ကျပ် ၁၇၀၉၀၀၀ သို့ ရောက်ရှိသွားခဲ့ပြီး သမိုင်းတစ်လျှောက် အမြင့်ဆုံး ဈေးတန်းသို့ ရောက်ရှိခဲ့သည့်ဟု ရန်ကုန်တိုင်း ဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းထံမှ သိရှိရပါသည်။ ယခု မေလ ၁၃ ရက်နေ့ မနက်ပိုင်းတွင် တစ်ကျပ်သား ဈေးနှုန်းမှာ ကျပ် ၁၅၆၀၀၀၀ သို့ ဈေးနှုန်း ပြန်လည်ကျဆင်းလာခဲ့သော်လည်း ပြည်တွင်းရွှေဈေးမှာ အမြင့်ဈေးတွင်သာ ရှိနေဆဲဖြစ်ကြောင်း ရွှေဈေးကွက်အတွင်းမှ လေ့လာ သိရှိရပါသည်။

၄။ ပြည်တွင်းရွှေဈေးနှုန်း အမြင့်ဆုံးအထိ မြင့်တက်လာသည့်အချိန်တွင် ဒေါ်လာ ငွေကြေး ဈေးနှုန်း ဖောင်းပွမှုများကြောင့် ရွှေဈေးနှုန်း မြင့်မားမှုဖြစ်ခဲ့ရကြောင်း ဈေးကွက်အတွင်းမှ လေ့လာ သိရှိရပါသည်။ ပြည်တွင်းရှိ ဘဏ်များ၏ လက်ရှိထွက်ပေါ်နေသော အခြေအနေများကြောင့် မြန်မာ ငွေကျပ်အပေါ် အယုံအကြည် မရှိတော့ဘဲ ငွေထုတ်ယူမှုတွေ မြင့်တက်လာနေချိန်တွင် တစ်ချို့က လက်ဝယ်မှာ ရှိသည့်ငွေကို အသုံးပြုပြီး ရွှေဘက်သို့ ပြောင်းလဲရင်းနှီးမြှုပ်နှံလာကြသည့်အတွက် ဈေးကွက်ထဲကို ရွှေကုန်ကြမ်းအဝင်နည်းကာ ပစ္စည်းပြက်လပ်နေကြောင်း ရန်ကုန်တိုင်း ရွှေလုပ်ငန်း များအသင်း၊ ဥက္ကဋ္ဌ ဦးမျိုးမြင့် ၏ ပြောကြားချက်အရ သိရှိရပါသည်။

၅။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက် များအရ GDP Growth 6.80 % ၊ Annual Rate of Inflation 4.60 %၊ Year on Year Inflation 0.97 % ရှိသည်ကို လေ့လာသိရှိရပါသည်။

၆။ ၂၀၂၁ ခုနှစ်၊ မေလ ၆ ရက်နေ့မှ မေလ ၁၂ ရက်နေ့အထိ ရက်အလိုက် ဖြစ်ပေါ် ပြောင်းလဲ ခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသောနိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါ ဇယားဖြင့် ဖော်ပြအပ်ပါသည်-


**တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား**

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၆-၅-၂၀၂၁ | ၇-၅-၂၀၂၁ | ၁၀-၅-၂၀၂၁ | ၁၁-၅-၂၀၂၁ | ၁၂-၅-၂၀၂၁ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၅၄၈.၈ | ၁၅၆၇.၇ | ၁၅၉၃.၅ | ၁၆၁၈.၁ | ၁၆၃၉.၉ | ၅.၈၈ | ↑ |
| ၂ | Thai Baht | THB | ၃၁.၂၁၅ | ၃၁.၁၉၀ | ၃၁.၁၃၀ | ၃၁.၀၉၀ | ၃၁.၁၉၀ | -၀.၀၈ | ↓ |
| ၃ | Singapore Dollar | SGD | ၁.၃၃၆ | ၁.၃၃၁ | ၁.၃၂၆ | ၁.၃၂၆ | ၁.၃၂၈ | -၀.၆၀ | ↓ |
| ၄ | Malaysian Ringgit | MYR | ၄.၁၂၁ | ၄.၁၁၅ | ၄.၁၀၉ | ၄.၁၁၈ | ၄.၁၂၆ | ၀.၁၂ | ↑ |
| ၅ | Indonesian Rupiah | IDR | ၁၄၃၂၀ | ၁၄၂၈၆ | ၁၄၁၉၇ | ၁၄၁၉၈ | ၁၄၁၉၇ | -၀.၈၆ | ↓ |
| ၆ | Chinese Yuan | CNY | ၆.၄၇၆ | ၆.၄၅၅ | ၆.၄၂၅ | ၆.၄၂၁ | ၆.၄၄၁ | -၀.၅၄ | ↓ |
| ၇ | Indian Rupee | INR | ၇၃.၈၇၂ | ၇၃.၅၇၀ | ၇၃.၄၁၃ | ၇၃.၃၅၇ | ၇၃.၃၉၃ | -၀.၆၅ | ↓ |
| ၈ | Japanese Yen | JPY | ၁၀၉.၂၁၇ | ၁၀၉.၁၁၈ | ၁၀၈.၉၂၀ | ၁၀၈.၈၄၆ | ၁၀၈.၇၆၈ | -၀.၄၁ | ↓ |
| ၉ | Australian Dollar | AUD | ၁.၂၉၂ | ၁.၂၈၅ | ၁.၂၇၂ | ၁.၂၇၄ | ၁.၂၈၁ | -၀.၈၅ | ↓ |
| ၁၀ | Euro | EUR | ၀.၈၃၁ | ၀.၈၂၇ | ၀.၈၂၃ | ၀.၈၂၂ | ၀.၈၂၄ | -၀.၈၄ | ↓ |
| ၁၁ | Pound Sterling | GBP | ၀.၇၁၉ | ၀.၇၁၈ | ၀.၇၁၀ | ၀.၇၀၇ | ၀.၇၀၈ | -၁.၅၃ | ↓ |

Source– Central Bank of Myanmar

၇။ ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ မေလ ၆ ရက်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၅၄၈.၈ ကျပ်ရှိခဲ့ရာမှ မေလ ၁၂ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၆၃၉.၉ ကျပ် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း ၅.၈၈ % မြင့်တက်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

၈။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှ မေလ ၁၂ ရက်နေ့အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေ လဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်–



၉။ ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်ကို လေ့လာရာတွင် ၂၀၂၁ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၆၀၀ ကျပ်၊ မေလ ၇ ရက်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၆၁၀ ကျပ်၊ မေလ ၁၀ ရက်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၆၅၅ ကျပ်၊ မေလ ၁၁ ရက်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၆၉၅ ကျပ်နှင့် မေလ ၁၂ ရက်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၇၄၀ ကျပ် အသီးသီး ပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

၁၀။ ဒေါ်လာဈေးနှုန်းမှာလည်း ရွှေဈေးကဲ့သို့ အလားတူပင် ဈေးနှုန်း တည်ငြိမ်မှုမရှိသေးပဲ နေ့စဉ် အတက်အကျများရှိနေပြီး မေလ ၁၂ ရက်နေ့တွင် ဗဟိုဘဏ်ငွေလဲနှုန်းနည်းတူ ပြင်ပ ဒေါ်လာ ဈေးနှုန်းမှာလည်း အနည်းငယ်လိုက်ပါ မြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။